For every child
Health, Education, Equality, Protection
ADVANCE HUMANITY

unicef

သတင်းထုတ်ပြန်ချက်

# ရန်ကုန်တိုင်း၊(၄၅)မြို့နယ်တွင်ကြက်ငှက်တုပ်ကွေးရောဂါတားဆီးကာကွယ်ရေး ပညာပေးလုပ်ငန်းအရှိန်မြှင့်ဆောင်ရွက်

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ (၂၂) ရက်၊ ရန်ကုန်မြို့။




လူသို့ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုမရှိစေရန် ပညာပေးပိုစတာ၊ လက်ကမ်းစာစောင်များနှင့် အကာအကွယ်ပစ္စည်းများကို တားဆီးကာကွယ်ရေးလုပ်ငန်းတစ်ရပ်အဖြစ် ရန်ကုန်တိုင်းရှိ မြို့နယ် ၄၅ ခုသို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်)တို့က ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

အဆိုပါပစ္စည်းများစတင်ဖြန့်ဖြူးပေးခြင်းအထိမ်းအမှတ် အခမ်းအနားကို အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် ဖေဖော်ဝါရီလ ၂၂ရက်နေ့ကကျင်းပခဲ့သည်။

လူထု၏ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေးဆိုင်ရာ အသိအမြင်များတိုးပွား လာစေရန်နှင့် ရောဂါကူးစက်မခံရရန်ကျန်းမာသည့်အပြုအမူ အလေ့အကျင့်များပိုမိုများပြားလာရန် ရည်ရွယ်ချက်ဖြင့် ထိုပစ္စည်းများကိုဖြန့်ဖြူးပေးခြင်းဖြစ်သည်။

ဂျပန်နိုင်ငံအစိုးရ၏ အကူအညီဖြင့် ပညာပေးပိုစတာ (၁၁)မျိုးနှင့်လက်ကမ်းစာစောင်(၂)မျိုးကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်းကာ ထုတ်လုပ်ထားပြီးဖြစ်သည်။

တစ်မြို့နယ်လျှင် ပိုစတာနှင့် လက်ကမ်းစာစောင် အစုံ ၁၀၀စီနှင့် ဆပ်ပြာ၊ လက်အိတ်နှင့် နှာခေါင်းစည်းစသည့် အကာအကွယ်ပစ္စည်းများကို အစုံ ၈၀၀စီဖြင့် မြို့နယ် ၄၅ မြို့နယ်သို့ ဖြန့်ဝေသွားမည်ဖြစ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကဆင့် ရန်ကုန်တိုင်းရှိမွေးမြူရေးခြံများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းအဖွဲ့ချုပ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့သို့ဖြန့်ဝေပေးသွားရန်ဖြစ်သည်။


ဆက်လက်သိရှိလိုပါကဆက်သွယ်ရန်

စန္ဒာလင်း၊ဆက်သွယ်ရေးအရာရှိ၊ ပြန်ကြားရေးနှင့်ဆက်သွယ်ရေးဌာန၊ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ယူနီဆက်၊ရန်ကုန်။
ဖုံး–၂၁၂၀၈၆ လိုင်းခွဲ ၁၃၀၂၊ဖက်(စ်)–၂၁၂၀၆၃၊ Email : slinn@unicef.org